“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၅/၂၀၂၃)

အမှတ်စဉ် (၁၅/၂၀၂၃) | http://www.nugmyanmar.org | ၂၀၂၃ခုနှစ်၊ ဧပြီလ (၁၀) ရက်။

**အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း**

## ၁။ အကြမ်းဖက်စစ်ကောင်စီ၏ ရွေးကောက်ပွဲကို ဆန့်ကျင်ခဲ့ကြသည့် နိုင်ငံရေးပါတီအားလုံး၏ ရပ်တည်ချက်အား လေးစားဂုဏ်ယူကြောင်း ထုတ်ပြန်ကြေငြာ။



အကြမ်းဖက်စစ်အုပ်စုကဖွဲ့စည်းသော ရွေးကောက်ပွဲကော်မရှင်ထံတွင် မှတ်ပုံမတင်ဘဲ အတုအယောင် ရွေးကောက်ပွဲအား လက်မခံဘဲ မပူးပေါင်းကြောင်းကို စိန်ခေါ်မှုများနှင့် အခက်အခဲပေါင်းများစွာ ရှိနေသည့်ကြားမှ ပြည်သူ့ဆန္ဒနှင့်အညီ ဆုံးဖြတ်ကြေညာခဲ့ကြသည့် နိုင်ငံရေးပါတီများအားလုံး၏ ရပ်တည်ချက်နှင့် သဘောထားများကို လေးစားဂုဏ်ယူစွာဖြင့် အသိအမှတ်ပြု မှတ်တမ်း တင်ကြောင်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ တရားမဝင် ရွေးကောက်ပွဲဆန့်ကျင်ရေး ပူးပေါင်းလုပ်ငန်းကော်မတီက ဧပြီ ၃ ရက်တွင် ပူးပေါင်း ထုတ်ပြန်ခဲ့ကြသည်။ ဒီမိုကရေစီနည်းလမ်းတကျ ဖွဲ့စည်းဖြစ်ပေါ်လာကြသည့် နိုင်ငံရေးပါတီများအား တရားဝင်အာဏာမရှိသည့် အကြမ်းဖက်လက်အောက်ခံအဖွဲ့အစည်း UEC က ဖျက်သိမ်းပိုင်ခွင့်မရှိဘဲ ဖျက်သိမ်းကြောင်း ကြေညာ လိုက်ခြင်းသည် တရားမဝင်ရွေးကောက်ပွဲများဖြင့် အာဏာရှင်စနစ်ကို တည်မြဲစေလျက် ပြည်သူလူထုကို အမြဲကြောက်ရွံ့နေရမည့် ဘဝအခြေအနေသို့ ထပ်မံဖန်တီးလိုက်ခြင်းဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ http://bit.ly/3ZOcLzv

နိုင်ငံခြားရေးဝန်ကြီးဌာန

## ၂။ အကြမ်းဖက်စစ်တပ်၏လုပ်ရပ်များကြောင့် အဓိက ထိခိုက်ခံစားနေရသူများထဲတွင် သက်ကြီးရွယ်အိုများ အများဆုံးပါဝင်နေ

မြန်မာနိုင်ငံတွင်စစ်တပ်က အပြစ်မဲ့ပြည်သူများအပေါ် အဆင်ခြင်မဲ့ လေကြောင်းကတဆင့် ဗုံးကျဲတိုက် ခိုက် ခြင်းနှင့်လူနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းကဲ့သို့ ရက်စက်ကြမ်းကြုတ်မှုများပြုလုပ်နေသည်ကို အများဆုံးခံစားနေရသူများထဲတွင် သက်ကြီးရွယ်အိုများပါဝင်နေပြီး နေရပ်စွန့်ခွာနေကြရသည့်အတွက်၊ လူသားချင်းစာနာထောက်ထား မှုအကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦး ကျော်မိုးထွန်းက နယူးယောက်မြို့အခြေစိုက် ကုလသမဂ္ဂဌာနချုပ်မှာ Open-Ended Working Group on Ageing ၏ (၁၃) ကြိမ်မြောက် အစည်းအဝေးတွင်ပြောကြားခဲ့သည်။ http://bit.ly/3GtZJ3u

---

## ၃။ အကြမ်းဖက်စစ်တပ်၏ အသေးစားနျူကလီးယား ဓါတ်ပေါင်းရုံတည်ဆောက်မည့်အရေး နိုင်ငံတကာက သတိထားစောင့်ကြည့်ပေးကြရန် သံအမတ်ကြီး ဦးကျော်မိုးထွန်းတိုက်တွန်း

မြန်မာစစ်တပ်သည် နျူကလီးယားစက်ရုံလည်ပတ်ရေးအတွက် လိုက်နာရမည့် စည်းကမ်း၊ စီမံခန့်ခွဲသည့်စနစ်မရှိဘဲ တရားဥပဒေစိုးမိုးရေးကို လျစ်လျူရှုပြီး နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေအပါအဝင် နိုင်ငံတကာဥပဒေများကိုလည်း လိုက်နာခြင်းအလျဉ်းမရှိသည့်အတွက် စက်ရုံတည်ဆောက်ရေး ကြိုးပမ်းနေမှုကို နိုင်ငံတကာက အလေးထားအာရုံစိုက်စောင့်ကြည့်ပေးကြရန် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက ဧပြီ ၆ ရက်က ၂၀၂၃ ခုနှစ် ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးကော်မရှင်၏ အထွေထွေရေးရာ ဆွေးနွေးမှုအစီအစဉ်တွင် တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာစစ်တပ်ဆီကို လက်နက်စီးဆင်းစေခြင်းမှာ အပြစ်မဲ့မြန်မာပြည်သူများ၏ အသက်ဆုံးရှုံးစေပြီး အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် စစ်တပ်၏သတ်ဖြတ်မှုကြောင့် အမျိုးသမီးနဲ့ကလေးငယ်များအပါ အဝင် လူပေါင်း (၃,၂၀၀) ကျော် အသက်ဆုံးရှုံးခဲ့ပြီး ဗုံးကြဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် နေအိမ် (၆၂,၀၀၀) ကျော် ပျက်စီးခဲ့ကြောင်း သံအမတ်ကြီးက ပြောကြားခဲ့သည်။ http://bit.ly/3Gujhox

---

ကာကွယ်ရေးဝန်ကြီးဌာန

## ၄။ အကြမ်းဖက်စစ်တပ်အောက်တွင် အမှုထမ်းနေကြသူများအား "ပြည်သူ့ရင်ခွင်" ခိုလှုံလာကြရန် NUG က တိုက်တွန်းနှိုးဆော်ချက်ထုတ်ပြန်

အာဏာသိမ်းချိန်ကစပြီး ယနေ့အထိ စစ်သည် (၃၂၁၆) ဦးနှင့် ရဲတပ်ဖွဲ့ဝင် (၉၀၉၁) ဦး၊ စုစုပေါင်း (၁၂၃၂၇) ဦး ပြည်သူ့ရင်ခွင် ခိုလှုံလာခဲ့ကြပြီးဖြစ်သကဲ့သို့ မိသားစုဝင်အရေအတွက်လည်း ထောင်ကျော်ရှိနေပြီဖြစ်ကြောင်း၊ ပြည်သူ့ရင်ခွင်ကိုခိုလှုံလာသူ ရဲဘော်များကို ပြည်သူများနှင့်အတူ "ပြည်သူ့သူရဲကောင်းများ" အဖြစ် လေးလေးနက်နက် မော်ကွန်းတင်၊ အသိအမှတ်ပြုကြောင်း၊ အကြမ်းဖက် စစ်တပ်အောက်တွင် ဆက်လက်အမှုထမ်းနေကြသည့် အရာရှိ၊ အရာခံ၊ အကြပ် စစ်သည် များနှင့် ရဲတပ်ဖွဲ့ဝင်များအား ပြည်သူ့ဘက်သို့ ကူးပြောင်းရပ်တည်ပြီး "ပြည်သူ့ရင်ခွင်" ခိုလှုံလာကြရန် အထူးတိုက်တွန်းနှိုးဆော်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၂ ရက်တွင်ထုတ်ပြန်ခဲ့သည်။

ပြည်သူ့ရင်ခွင်သို့ ကူးပြောင်းခိုလှုံလာသူများကို ကူညီဖြည့်ဆည်းနိုင်ရေး "ပြည်သူ့ရင်ခွင် ခိုလှုံရေးအစီအ စဉ် အကောင်အထည် ဖော်ဆောင်မှုကော်မတီ" ကို ဖွဲ့စည်း ဆောင်ရွက်နေပြီး မဟာမိတ် တိုင်းရင်းသား တော် လှန်ရေးအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် ဟန်ချက်ညီလက်တွဲပြီး လုံခြုံရေး၊ ကြိုဆိုရေး၊ နေရာချထားရေး၊ စားဝတ်နေရေး၊ လူမှုရေး စသည့် အဘက်ဘက်က ထောက်ပံ့ကူညီရေးအတွက်

စာမျက်နှာ (၃) သို့

*စာမျက်နှာ (၂) မှ*

စနစ်တကျဆောင်ရွက်နေကြောင်း၊ အာဏာသိမ်းစစ်တပ်ကို သစ္စာခံပြီး ပြည်သူလူထု၏ဆန့်ကျင်ဘက်တွင် ဆက်လက်ရပ်တည် နေကြသည့် စစ်သား၊ ရဲသားများကို ပြည်သူ့ရန်သူ၊ တော်လှန်ရေးရန်သူအဖြစ် သတ်မှတ်ကာ ပြည်သူ့တော်လှန်ရေးကြီး၏ အရှိန်မြင့် တိုက်ခိုက်ချေမှုန်းခြင်းကို ခံကြရမှာဖြစ်ကြောင်းနှင့် တော်လှန်ရေးအလွန်ကာလတွင်လည်း အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) ဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူ အပြစ်ပေးခံရမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ http://bit.ly/43kvDJm



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
mod@nugmyanmar.org

**အကြမ်းဖက် အာဏာသိမ်းစစ်တပ်အောက်တွင် ဆက်လက်အမှုထမ်းနေကြသော အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များကို ပြည်သူ့ဘက်သို့ ကူးပြောင်း ရပ်တည်၍ "ပြည်သူ့ရင်ခွင်" ခိုလှုံလာကြရန် အထူးတိုက်တွန်းနှိုးဆော်ချက်**

**၂၀၂၃ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့**

၁။ ပြည်သူလူထု၏ သဘောထားဆန္ဒကို ဆန့်ကျင်၍ လက်နက်နှင့် အင်အားကို အသုံးပြု အားကိုးကာ အဓမ္မ စစ်အာဏာသိမ်းခဲ့သော အကြမ်းဖက်စစ်တပ်ကို ပြည်သူလူထုတရပ်လုံးက ရရာနည်းလမ်းမျိုးစုံဖြင့် ခုခံတိုက်ပွဲဝင်နေကြသည့် "ပြည်သူ့တော်လှန်ရေး" ကြီးသည် ယခု အချိန်တွင် အရှိန်အဟုန်ကောင်းစွာဖြင့် ရှေ့သို့ ဆက်လက်ချီတက်လျက်ရှိပါသည်။

၂။ အကြမ်းဖက်စစ်တပ်၏ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်ကို လက်မခံနိုင်သော အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များစွာသည် စစ်အာဏာသိမ်းပြီးနောက်တွင် ပြည်သူနှင့် အတူ ရပ်တည်၍ ပြည်သူ့ရင်ခွင်သို့ ကူးပြောင်းခိုလှုံလာလျက်ရှိကြရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၁ ရက်နေ့ အထိ စစ်သည် (၃၂၃၆) ဦးနှင့် ရဲတပ်ဖွဲ့ဝင် (၉၀၉၁) ဦး၊ စုစုပေါင်း (၁၂၃၂၇) ဦး နှင့်မိသားစုဝင်ဦးရေ ထောင်ကျော် ရှိခဲ့ပြီဖြစ်သည်။ ဤသို့ ပြည်သူ့ရင်ခွင် ခိုလှုံလာသူ ရဲဘော်များကို ပြည်သူများနှင့်အတူ မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရက "ပြည်သူ့သူရဲကောင်းများ" အဖြစ် လေးလေးနက်နက် မော်ကွန်းတင်၊ အသိအမှတ်ပြုကြပြီးလည်း ဖြစ်ပါသည်။

၃။ ပြည်သူ့ရင်ခွင်သို့ ကူးပြောင်းခိုလှုံလာသူများကို အဘက်ဘက်က ကူညီဖြည့်ဆည်းနိုင်ရေး အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စု ဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်သော "ပြည်သူ့ရင်ခွင် ခိုလှုံရေးအစီအစဉ် အကောင်အထည် ဖော်ဆောင်မှုကော်မတီ" ကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကော်မတီနှင့်အတူ မဟာမိတ် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊



အလှူရှင်အဖွဲ့အစည်းများ ဟန်ချက်ညီလက်တွဲကာ ပြည်သူ့ ဘက်သို့ ကူးပြောင်းလာသော စစ်သည်တော်များနှင့် ရဲတပ်ဖွဲ့ဝင်များကို လုံခြုံရေး၊ ကြိုဆိုရေး၊ နေရာချထားရေး၊ စားဝတ်နေရေး၊ လူမှုရေး စသည့် အဘက်ဘက်က ထောက်ပံ့ကူညီရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တော်လှန်ရေးကာလ ဖြစ်သည်နှင့်အညီ အပြည့်စုံဆုံး မဟုတ်သည့်တိုင်အောင် ပြည်သူ့ရင်ခွင် ခိုလှုံလာသူအားလုံးအတွက် အတတ်နိုင်ဆုံး အားထုတ်ဖြည့်ဆည်းနေပြီး ဆက်လက်၍ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့်ပံ့မှန်ဝင်ငွေရရှိရေးအတွက်ပါ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ တော်လှန်ရေး အလွန်ကာလတွင်လည်း ဤပြည်သူ့ရင်ခွင် ခိုလှုံလာသူ သူရဲကောင်းများအားလုံးအတွက် ထိုက်တန်သည့် ချီးမြှင့် ဂုဏ်ပြုမှုများ၊ ထောက်ပံ့ကူညီမှုများ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ ယခုအခါ ပြည်သူ့ရင်ခွင် ခိုလှုံလာသူများအနက် ရဲဘော်အချို့သည် ၎င်းတို့၏ ဆန္ဒအရ ပြည်သူ့ ကာကွယ်ရေးတပ်မတော်တွင် ပါဝင်အမှုထမ်းလျက်ရှိနေပြီဖြစ်သကဲ့သို့ တော်လှန်ရေး အလွန်ကာလတွင် မဖြစ်မနေ ထူထောင်ရမည့် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်သစ်တွင်လည်း အရေးကြီးသော တာဝန်များ ဆက်လက် ထမ်းဆောင်သွားကြမည်ဖြစ်သည်။

၅။ ပြည်သူ့ခုခံတွန်းလှန်စစ်စတင်ချိန်မှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ တပ်ဖွဲ့ဝင် (၂၉၆၅၀)ဦး သေဆုံးပြီး (၁၁၂၃၀)ဦး ထိခိုက်ဒဏ်ရာရသည် အထိ ချေမှုန်းနိုင်ခဲ့ပြီးဖြစ်သည်။ အကြမ်းဖက်သမားများ၊ စစ်ရာဇဝတ်ကောင်များ ဖြစ်ကြသည့် အာဏာသိမ်းစစ်တပ်ကို သစ္စာခံကာ ပြည်သူလူထု၏ ဆန့်ကျင်ဘက်တွင် ဆက်လက်ရပ်တည် နေကြသော စစ်သား၊ ရဲသားများကိုမူ ပြည်သူ့ရန်သူ၊ တော်လှန်ရေးရန်သူအဖြစ် သတ်မှတ်ရမည်ဖြစ်၍ ပြည်သူ့တော်လှန်ရေးကြီး၏ အရှိန်မြင့် တိုက်ခိုက်ချေမှုန်းခြင်းကို ခံကြရမည်ဖြစ်ကြောင်းကို တပါတည်း အသိပေးလိုသည်။ အလားတူ တော်လှန်ရေးအလွန်ကာလတွင်လည်း အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) ဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ ပြည်သူ့ရန်သူဖြစ်ခဲ့သူအားလုံးသည် အမှန်တရားနှင့် တရားမျှတမှုအတွက် ဥပဒေနှင့်အညီ အရေးယူ အပြစ်ပေးခံရမည်လည်း ဖြစ်သည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် မဟာမိတ် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့စည်းများနှင့်အတူ ဟန်ချက်ညီလက်တွဲလျက် ပြည်သူ့ခုခံတွန်းလှန်စစ်ကို အရှိန်အဟုန် ဆက်လက်မြှင့်တင်လျက်ရှိသည်။ တဖက်တွင်မူ အကြမ်းဖက် အာဏာသိမ်းစစ်တပ်အနေဖြင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံတကာ သံခင်းတမန်ခင်းစသည့် အဖက်ဖက်က ချွတ်ခြုံကျ၊ အကျပ်အတည်းဆိုက် နေရုံသာမက ပြည်သူ့တော်လှန်ရေးကို ဟန့်တားနိုင်ရန်အတွက် ရုပ်ဝတ္ထုအင်အား၊ လူအင်အား၊ စိတ်ဓာတ်အင်အားအရ လုံးဝ မဖြစ်နိုင်တော့သည်ကို မြေပြင်အခြေအနေအရ တွေ့ရှိနိုင်မည်ဖြစ်သည်။

## ၅။ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၂ သန်း၏ ၇၅ ရာခိုင်နှုန်းအား ထောက်ပံ့ပေးပြီးဖြစ်ဟု NUG ထုတ်ပြန်

ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု အစီအစဉ်မှ တဆင့် (၁၅) လ တာ ကာလအတွင်း ဘဏ္ဍာငွေ ခန့်မှန်းအမေရိကန်ဒေါ်လာ (၉.၄၂) သန်း ရရှိခဲ့ပြီး အဆိုပါ ဘဏ္ဍာငွေများကို ပြည်သူ့ကာကွယ်ရေး တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ရိက္ခာထောက်ပံ့ငွေအဖြစ် သုံးစွဲခဲ့ပြီး စုစုပေါင်း ရိက္ခာ ထောက်ပံ့ငွေ၏ ၇၅ ရာခိုင်နှုန်းခန့် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

http://bit.ly/43j5fzz



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
mod@nugmyanmar.org

**သတင်းထုတ်ပြန်ချက်**

PRF - ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု မှ ရရှိသော ဘဏ္ဍာငွေ သုံးစွဲမှုများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေ ရှာဖွေရေး အစီအစဉ်တစ်ခု ဖြစ်သည့် PRF - ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု အစီအစဉ် စတင်ခဲ့သည့်အချိန်ကပင် ယနေ့ထက်တိုင် လစဉ်မပျက် ထည့်ဝင်ပေးခဲ့ကြသော ထောက်ပို့ မိသားစု ရဲဘော်များ ၊ Fundraiser များ နှင့် OFP အဖွဲ့ဝင်များအားလုံးကို ကျေးဇူး အထူး တင်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု အစီအစဉ်မှ တဆင့် (၁၅) လ တာ ကာလအတွင်း ဘဏ္ဍာငွေ ခန့်မှန်းအမေရိကန်ဒေါ်လာ (၉.၄၂) သန်း ရရှိခဲ့ပါသည်။ အဆိုပါ ဘဏ္ဍာငွေများကို ပြည်သူ့ ကာကွယ်ရေးတပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ရိက္ခာထောက်ပံ့ငွေအဖြစ် သုံးစွဲခဲ့ပြီး စုစုပေါင်း ရိက္ခာ ထောက်ပံ့ငွေ ၏ ၇၅ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၃။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့တော်လှန်ရေး ထောက်ပို့ မိသားစု အစီအစဉ်မှ ရရှိသည့် ဘဏ္ဍာငွေများကို စနစ်တကျလက်ခံ၍ တပ်ရင်းများ၏ ရိက္ခာဖူလုံရေးကိစ္စရပ်များတွင် အဓိက အသုံးပြုနေပြီး လစဉ် အသုံးပြုနေမှုများကို သင့်တော်သလို သတင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

## ၆။ အမှတ် (၁) စစ်ဒေသတွင် ၁လအတွင်း တိုက်ပွဲ ၄၁၇ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်သား ၆၄၉ ဦးသေဆုံး

အမှတ်(၁) စစ်ဒေသ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဖေဖော်ဝါရီလအတွင်း တိုက်ပွဲပေါင်း (၄၁၇) ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်သား (၆၄၉) ဦးသေဆုံးကာ (၇၅၆) ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ပြည်သူ့ကာကွယ်ရေးတပ်ဘက်က ရဲဘော် (၃၃) ယောက် တော်လှန်ရေးအတွက် အသက်ပေးလှူခဲ့ရပြီး (၉၇) ယောက်ထိခိုက်ဒဏ်ရာရရှိခဲ့ကာ စစ်ကောင်စီတပ်၏ လက်နက်မျိုးစုံ (၃၀) လက် အပါအဝင် ခဲယမ်းမီးကျောက် အမြောက်အမြား သိမ်းဆည်းရမိခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၄ ရက်တွင်ထုတ်ပြန်ခဲ့သည်။ http://bit.ly/43g4yXT




---

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟို**

## ၇။ အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အကြမ်းဖက် အဖွဲ့အစည်းအဖြစ် NUG ကြေညာ

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (င)နဲ့ ပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခံထားရသည့် အကြမ်းဖက်စစ်ကောင်စီက ဖွဲ့စည်းထားသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ဧပြီ (၄) ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်နေသည့် နိုင်ငံရေးပါတီများ ဆက်လက်မရပ်တည်နိုင်စေဖို့ ရည်ရွယ်ပြီး မတရားသည့် အမိန့်နှင့်ဥပဒေများ ထုတ်ပြန်ဆောင် ရွက်ခြင်း၊ တိုင်းရင်းသားပြည်သူအများစုက လုံးဝလက်မခံသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တည်မြဲ စေရန်ဆောင်ရွက်ခြင်း၊ အကြမ်းဖက်စစ်အာဏာရှင်နှင့် ၎င်းတို့ကိုထောက်ခံသည့် လက်တဆုပ် စာ နိုင်ငံရေးပါတီ အချို့ကို တရားမဝင်ဖြတ်လမ်းနည်းဖြင့် အာဏာရရှိစေရန်နည်းလမ်းမျိုးစုံ အသုံးပြု လုပ်ဆောင်နေခြင်းနှင့် အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။ http://bit.ly/43g4NSN



အမျိုးသားညီညွတ်ရေးအစိုးရ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် (၀၁/၂၀၂၃)

၁၃၈၄ခုနှစ်၊ တန်းခူးလဆန်း၊ ၁၅ ရက်

၂၀၂၃ခုနှစ်၊ ဧပြီလ ၄ ရက်

**အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာခြင်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခံထားရသည့် အကြမ်းဖက်စစ်ကောင်စီကဖွဲ့စည်းထားသော တရားမဝင်အဖွဲ့အစည်းဖြစ်သည်။

၂။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခံထားရသည့် အကြမ်းဖက်စစ်ကောင်စီက ဖွဲ့စည်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်နေသည့် နိုင်ငံရေးပါတီများအား ဆက်လက် မရပ်တည်နိုင်စေရန် ရည်ရွယ်၍ မတရားသည့် အမိန့်နှင့် ဥပဒေများ ထုတ်ပြန်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားပြည်သူအများစုက လုံးဝလက်ခံ သဘောတူခြင်းမရှိသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား တည်မြဲစေရန်ဆောင်ရွက်ခြင်း၊ အကြမ်းဖက်စစ်အာဏာရှင် နှင့် ၎င်းတို့အားထောက်ခံသည့် လက်တဆုပ်စာ နိုင်ငံရေးပါတီအချို့အား တရားမဝင် ဖြတ်လမ်းနည်းဖြင့် အာဏာရရှိစေရန် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဆောင်ရွက်နေခြင်းနှင့် အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။

၃။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခံထားရသည့် အကြမ်းဖက်စစ်ကောင်စီက ဖွဲ့စည်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အထက်ပါလုပ်ဆောင်ချက်များသည် အများပြည်သူအတွင်း ထိတ်လန့်မှုများကိုဖြစ်ပေါ်စေရန်၊ ပြည်တွင်း တရားဝင် နိုင်ငံရေး အဖွဲ့အစည်းများအား ဥပဒေနှင့်မညီသည့် လုပ်ရပ်များကို အတင်းအကြပ်ပြုလုပ်စေရန်နှင့်



ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေရန် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ ၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃) နှင့် ပုဒ်မခွဲငယ်(၁၆) တို့တွင် ဖော်ပြထားသော အကြမ်းဖက်မှုများကို ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရသည်။

၄။ သို့ဖြစ်ပါ၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခံထားရသည့် အကြမ်းဖက်စစ်ကောင်စီက ဖွဲ့စည်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

## ၈။ မောင်းထောင်ကျေးရွာအား အကြမ်းဖက်စစ်အုပ်စုရဲ့ တပ်မ(၃၃) က ကျေးရွာအတွင်း ဝင်ရောက်စီးနင်းပြီး ဒေသခံပြည်သူ (၄) ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ဟု NUG ထုတ်ပြန်

စစ်ကိုင်းမြို့နယ် ၊ ညောင်ပင်ဝန်းရဲစခန်းက အင်အား (၆၀) ခန့်ရှိသည့် အကြမ်းဖက်စစ်အုပ်စုလက် အောက်ခံတပ်မ (၃၃)သည် မတ် ၃၀ ရက် မနက် ၅ နာရီက မောင်းထောင် ကျေးရွာဘက်ကို စစ်ကြောင်း နှစ်ကြောင်းခွဲဝင်ရောက်ခဲ့ပြီး ပြည်သူ (၆) ဦးကို ဖမ်းဆီးကာ (၄) ဦးကို သတ်ဖြတ်ခဲ့ပြီး မူးမြစ်ထဲသို့ အလောင်းများ စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း အမျိုးသား ညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ http://bit.ly/3UlOu2M

